အသင်တို့ သူစိမ်းအမျိုးသမီးများထံ

ဝင်ထွက်သွားလာခြင်းကို ရှောင်ကြဉ်ကြလော့။ ထိုအခါ

အန်စွာရီ စွဟာဗီတစ်ပါးက လျှောက်ထားမေးမြန်းသည်မှာ - အို အလ္လာဟ်အရှင်မြတ်ရဲ့ရစူလ်၊ ခင်ပွန်းရဲ့သားချင်း (ညီ၊ အစ်ကို) များနှင့်ပတ်သတ်၍ ကိုယ်တော် မည်သို့

မိန့်ကြားတော်မူပါမည်နည်း။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကမိန့်တော်မူသည်။

ခင်ပွန်းရဲ့သားချင်းများဟာ သေခြင်းတရား ပင်ဖြစ်သည်။ (တစ်နည်း သေတာထက်ပင် ပိုအန္တရာယ်ကြီးသည်ကိုဆိုလိုခြင်းဖြစ်သည်။)

အုက်ဗဟ် ဗင်န် အာမိရ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အသင်တို့ သူစိမ်းအမျိုးသမီးများထံ ဝင်ထွက်သွားလာခြင်းကိုရှောင်ကြဉ်ကြလော့။ ထိုအခါ အန်စွာရီ စွဟာဗီတစ်ပါးက လျှောက်ထားမေးမြန်းသည်မှာ - အို အလ္လာဟ်အရှင်မြတ်ရဲ့ရစူလ်၊ ခင်ပွန်းရဲ့သားချင်း (ညီ၊ အစ်ကို)
များနှင့်ပတ်သတ်၍ ကိုယ်တော် မည်သို့ မိန့်ကြားတော်မူပါမည်နည်း။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကမိန့်တော်မူသည်။ ခင်ပွန်းရဲ့သားချင်းများဟာ
သေခြင်းတရား ပင်ဖြစ်သည်။ (တစ်နည်း သေတာထက်ပင် ပိုအန္တရာယ်ကြီးသည်ကိုဆိုလိုခြင်းဖြစ်သည်။)
[صحيح] [متفق عليه]

အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်သူစိမ်းအမျိုးသမီးများနှင့် ရောနှောခြင်းမှ သတိပေးတားမြစ်ခဲ့သည်။ ကိုယ်တော်ကမိန့်ကြားတော်မူခဲ့သည်- "သင်တို့သည် ကိုယ်တိုင် သူစိမ်းအမျိုးသမီးများထံဝင်ထွက်သွားလာခြင်းမှ ရှောင်ကြဉ်လော့။ ထိုနည်းတူ သူစိမ်းအမျိုးများသည်လည်းသင်တို့ထံ ဝင်ထွက်သွားလာခြင်းမှ ရှောင်ကြဉ်ခိုင်းလော့"။ ထိုအခါ အန်စွာရီစွဟာဗီတစ်ပါးက လျှောက်ထားမေးမြန်းသည်မှာ - အို အလ္လာဟ်အရှင်မြတ်ရဲ့ရစူလ်၊ ခင်ပွန်း၏ဆွေမျိုးသားချင်းများ (ဥပမာ- ခင်ပွန်း၏ညီ၊ အစ်ကို၊ တူ၊ ဦးလေး၊ဝမ်းကွဲညီအစ်ကိုများ)စသည့် ထိုအမျိုးသမီး အိမ်ထောင်မပြုရသေးပါက လက်ထပ်ခွင့်ရှိသည့်သားချင်းများနှင့် ပတ်သတ်၍ ကိုယ်တော် မည်သို့ မိန့်ကြားတော်မူပါမည်နည်း။တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်) က မိန့်ကြားတော်မူသည်မှာ - "သင်တို့သည်သေဘေးမှ သတိထားဆင်ခြင်ကြသကဲ့သို့ ထိုအရာ (အမျိုးသမီးများထံ ဝင်ထွက်သွားလာခြင်း) မှလည်း အလားတူ သတိထားဆင်ခြင်ကြလော့။ အဘယ်ကြောင့်ဆိုသော် ခင်ပွန်း၏ဆွေမျိုးများနှင့် အကွယ်၌ နှစ်ကိုတည်း ရှိနေခြင်းသည် သာသနာတွင် ပြသနာများနှင့်ပျက်စီးခြင်းဘက်သို့‌ ရောက်ရှိ‌စေသောကြောင့်တည်း။ ခင်ပွန်း၏ဖခင်နှင့် သားများကို

ချန်လှပ်ထားပြီး ခင်ပွန်း၏ အခြားဆွေမျိုးများနှင့် အကွယ်၌ နှစ်ကိုတည်းရှိခြင်းကိုတားမြစ်ခြင်းမှာ သူစိမ်းများနှင့် အကွယ်၌ နှစ်ကိုတည်းရှိခြင်းကို တားမြစ်ခြင်းထက်ပို၍ပင် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသူများထက် ထိုသူများနှင့် အကွယ်၌နှစ်ကိုတည်းရှိရန် အခွင့်အလမ်းများလည်း ပိုများပြီး မကောင်းမှုနှင့်ပြသနာဖြစ်နိုင်ခြေလည်း ပိုများသောကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ထိုသူများသည်အမျိုးသမီးထံ အလွယ်တကူ ချဉ်းကပ်နိုင်ပြီး အမျိုးသမီးနှင့် အကွယ်၌နှစ်ကိုတည်းရှိရန်အခွင့်အရေးရရှိခြင်းသည်လည်း သာမန်ကိစ္စတစ်ခုအဖြစ်ရှိနေသောကြောင့်ဖြစ်ကာ၊ ထိုသို့ဖြစ်ခြင်းအား ကန့်ကွက်ရန် အခွင့်အရေးလည်းနည်းပါးနေသောကြောင့်ဖြစ်သည်။ အမျိုးသမီးအနေဖြင့် ခင်ပွန်း၏ နီးစပ်သောဆွေမျိုးများမှ လုံးဝကွဲကွာ၍ သီးသန့်နေထိုင်ရန်မှာ လက်တွေ့အားဖြင့်မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ ဤကိစ္စတွင် ယေဘုယျအားဖြင့် ပေါ့လျော့မှုများလည်းရှိတတ်သည်။ ထို့ကြောင့် အမျိုးသားတစ်ဦးသည် မကြာခဏဆိုသလိုပင် မိမိအကို၏ ဇနီးနှင့်အကွယ်၌ နှစ်ကိုတည်းရှိခြင်းမျိုး ဖြစ်တတ်သည်။ သို့ဖြစ်ရာ ၎င်းကိစ္စရပ်သည်ယုတ်ညံ့မှုနှင့် ဆိုးကျိုးတွင် သေခြင်းတရားနှင့် တူညီသည်။ ဤသို့မဟုတ်ဘဲသူစိမ်းအမျိုးသားတစ်ဦးနှင့်ဆိုလျှင် ထိုအဖြစ်အပျက်မှ သတိထားဆင်ခြင်နိုင်မည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/5888